www.kelasa.org

ဓမ္မအမေးအဖြေများ
၃၁။ ဗုဒ္ဓနှင့် ဒေဝဒတ်၊ ဗုဒ္ဓ ဘာကြောင့် ဒေဝဒတ်ကို ရဟန်းပြုပေးသလဲ

# ဗုဒ္ဓနှင့် ဒေဝဒတ်

ဆရာတော် အရှင်မြတ်ဘုရား၊
ဗုဒ္ဓဘုရားရှင်သည် အလုံးစုံကို သိမြင်နိုင်စွမ်းရှိသည့် သဗ္ဗညုတဉာဏ်ထူးနှင့် ပြည့်စုံသည်ဟု ဆိုပါသည်။ သို့ဖြစ်ပါက အဘယ်ကြောင့် ဒေဝဒတ်၏ ကျောက် မောင်းဆင် လုပ်ကြံမှုကို မရှောင်လွှဲနိုင်ဘဲ ခြေမတော်မှာ ဒဏ်ရာရတဲ့အထိ ဖြစ်သွားခဲ့ရပါသနည်း။ သာသနာတော်၏ အကျိုးကို မဆောင်ရွက်ပဲ မိမိ၏ အသက်ကို လုပ်ကြံသည့် အထိပင်ဖြစ်လာမည့် ဒေဝဒတ်ကို အဘယ်ကြောင့် ရဟန်းပြုပေးခဲ့ရပါသနည်း။ ဒီအချက်နှင့် ပတ်သက်၍ စိတ်ထဲမှာ မရှင်း မလင်းဖြစ်နေပါသည်။ ဗုဒ္ဓသည် ဒေဝဒတ်ကို မသိ၍ ရဟန်းပြုပေးခဲ့ခြင်းလော၊ သိလျက်နှင့်လော၊ အဘယ်ကြောင့်နည်းဆိုသည့် အချက်များနှင့် သဗ္ဗညု တဉာဏ်၏ သိပုံသိနည်း သဘောသဘာဝတို့ကို ရှင်းလင်းပေးစေလိုပါသည် အရှင်ဘုရား။

ရဝေလှိုင်

## သဗ္ဗညုတဉာဏ်

အစွမ်းထက်တဲ့ မှန်ပြောင်းကြီး ရှိပါလျက် အိပ်ပျော်နေရင်၊ အသုံးမပြုရင် အဝေးကို မမြင်နိုင်ပါဘူး။ အဲဒီလိုပဲ ကျိန်းစက် အိပ်ပျော်နေခိုက်၊ မဆင်ခြင်ခိုက် တွေမှာ သဗ္ဗညုတဉာဏ် အလုပ် မလုပ်ပါဘူး။ အကုန်သိတယ်ဆိုတာ ဆင်ခြင်မှ သိတာပါ (သဗ္ဗညုတညာဏေန ဟိ အာဝဇ္ဇိတွာ ပဇာနာတိ၊ မ-ဋ္ဌ ၃၊ ၁၃၆)။ 'တရားအား လုံးကို သိသူမြင်သူမရှိဟု ငါဘုရားမဟော။ တရားအားလုံးကို သိသူ မြင်သူရှိ၏ဟု ငါဘုရားဟော၏။ သို့ရာတွင် တစ်ကြိမ်တည်းဖြင့် အလုံးစုံသော တရားတို့ကို သိမြင်နိုင်သူ မရှိ။ အကြိမ်ကြိမ် ဉာဏ်ဖြင့် ဆင်ခြင်မှ သိနိုင်မြင်နိုင်၏ (မ ၂၊ ၃၂၉)'။

ရှေးဘဝ အကုသိုလ်ကံကြွေးကို ဘုရားရဟန္တာတွေလဲ မရှောင်ကွင်းနိုင်ပါဘူး။ မဟာတန်ခိုးရှင် အရှင်မောဂ္ဂလ္လာန်ဟာ ခိုးသားတွေ လာရောက် ရိုက် နှက်မှာကို ကြိုသိလို့ ပထမ ရှောင်လွှဲနေခဲ့ပေမဲ့ နောက်ဆုံးမှာတော့ မိမိရဲ့ ဘဝနောက်ဆုံး အခြေအနေနဲ့ ရှောင်လွှဲမရတဲ့ အကုသိုလ်ကြွေးကို သိလို့ မရှောင်တိမ်းတော့ဘဲ လျစ်လျူရှုခဲ့ပါတယ်။ ဒေဝဒတ် ကျောက်မောင်းဆင် ရန်ပြုလို့ မြတ်ဗုဒ္ဓ ခြေမတော်မှာ ဒဏ်ရာရသွားတာလဲ ဗုဒ္ဓလောင်းလျာ နစဉ် အတိတ်ဘဝတုန်းက ဥစ္စာပစ္စည်းကို အကြောင်းပြုပြီး ညီအရင်းကို ကျောက်ခဲနှင့် ထုကြိတ်ခဲ့တဲ့ အကုသိုလ် ကံကြွေးကြောင့်ပါ။ အဲဒီလို မရှောင်လွှဲနိုင်လို့ ဗုဒ္ဓအဖြစ်နဲ့ အကုသိုလ်ကြွေးကို ခံရတာ ၁၂ ကြိမ် ရှိပါတယ် (အပဒါန ၁၊ ၃၄၈)။ အဲဒါကို ဝိပါက်တော် ၁၂ ပါးလို့လဲ ခေါ်ပါတယ်။

## ဗိမ္ဗိသာရစိတ်ထား

ဗုဒ္ဓဘုရားရှင်ဟာ ဒေဝဒတ်က မိမိကို သေကြောင်းကြံမှာနဲ့ သံဃာကို သင်းခွဲမှာကို ကြိုတင်သိမြင်လျက်နဲ့ ရဟန်းပြုပေးခဲ့တာပါ။ ဘာကြောင့်ဆိုရင် ဗုဒ္ဓ ဘုရားမှာ တစ်လောကလုံးနဲ့ မနှိုင်းယှဉ်နိုင်တဲ့ မဟာကရုဏာ (ကြီးမားတဲ့ သနားကြင်နာခြင်း)နဲ့ မဟာပညာ (ကြီးမားတဲ့ အသိပညာ) ရှိလို့ပါပဲ။ အဲဒီတရား နှစ်ပါး အရင်းခံကြောင့်ပဲ လောကကို တရားအေး အမြိုက်ဆေး တိုက် ကျွေးတော်မူခဲ့တာပါ။

ငါ့ကို မကြည်ညို ငါ့စကားကို နားမထောင်လို့ ဒီလူကိုတော့ လျစ်လျူရှုထားမယ် ဒဏ်ခတ်မယ်ဆိုရင် 'အနန္တကရုဏာရှင် ဘုရား'လို့ မဆိုနိုင်ဘူး။ မိမိကိုသတ်မဲ့ ရန်သူပင် ဖြစ်ပေမဲ့ ရန်သူလို သဘောမထားဘဲ ကောင်းကျိုး တစ်ခုခုရအောင် ဆောင်ရွက်ပေးနိုင်လို့ပဲ ဗုဒ္ဓဘုရားဆိုတဲ့ ဂုဏ်ထူးကို ရတာပါ။ ဒေဝဒတ်ဟာ ရဟန်း မပြုခဲ့ရင်လဲ လူအဖြစ်နဲ့ ဗုဒ္ဓအပေါ် ယုတ်မာ အကောက်ကြံမှာပါပဲ။ ရဟန်းပြုလိုက်တဲ့အတွက် သီလ သမာဓိပညာ သိက္ခာသုံးရပ်ကို အခိုက်အတန့် ဖြည့်ကျင့် ခွင့်ရပြီး ဈာန်အဘိညာဉ်ကိုတောင် ရရှိခဲ့ပါတယ်။

အဲဒီသူတော်ကောင်း အကျင့်ကြောင့်ပဲ သေခါနီးမှာ အမှားကို ဝန်ခံပြီး ဗုဒ္ဓကို အသက်နဲ့အမျှ ရှိခိုးကိုး ကွယ်ခဲ့ရုံမက နောင်အခါ အဋ္ဌိဿရအမည်ရတဲ့ ပစ္စေကဗုဒ္ဓတောင် ဖြစ်လာပါလိမ့်အုံးမယ် (ဓမ္မပဒ-ဋ္ဌ ၁၊ ၉၅)။ ဗုဒ္ဓရှင်တော်မြတ်က ရဟန်းပြုပေးခဲ့သည့်အတွက် ဒေဝဒတ်ရဲ့ ဘဝသံသရာမှာ ကျင်လည်ရ မဲ့ ဒုက္ခသက်တမ်းဟာ အဆများစွာ တိုတောင်းသွားခဲ့ရပါတယ် (မိလိန္ဒ၊ ၁၄)။ ဒါဟာ ဒေဝဒတ် ရဟန်းပြုတဲ့ အကျိုးပါ။ ဗုဒ္ဓလက်ထက်က ဗိမ္ဗိသာရမင်းဟာ မိမိကို သတ်မယ်ဆိုတာ သိလျက်နဲ့ အဇာတသတ်ဖြစ်လာမဲ့ သန္ဓေသားကို မဖျက်ဆီးခဲ့ပါဘူး။ သာမန် လူတစ်ယောက်မျှဖြစ်တဲ့ ဗိမ္ဗိသာရတောင် ဒီစိတ်မျိုး ထားနိုင်ရင် ဗုဒ္ဓဘုရားဆိုရင် ဆိုဖွယ်ရှိပါဦးမလား။

www.kelasa.org

## မဟာကရုဏာ

နာမည်က အမ္ဗဋ္ဌတဲ့။ သွေးနားထင်ရောက်နေတဲ့ အဲဒီ ပညာတတ် ပုဏ္ဏားပျို တစ်ယောက် ဗုဒ္ဓရဲ့ခန္ဓာကိုယ်မှာ ဗုဒ္ဓဖြစ်နိုင်တဲ့ ကြန်အင်လက္ခဏာ ၃၂ မျိုး ပါမပါ စုံစမ်းလိုတဲ့အတွက် ဗုဒ္ဓဆီ ရောက်လာတယ်။ အပြင်မှာ ဖော်ထားတဲ့ မဟာပုရိသလက္ခဏာ (ယောက်ျားမြတ် တို့မှာပါတဲ့ အမှတ်အသား) အားလုံး ကို တွေ့ရှိပြီးပေမဲ့ 'အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်' ကိုတော့ သင်္ကန်းတော်နှင့် ဖုံးထားလို့ မတွေ့ရသေးလို့ ဗုဒ္ဓစစ် မစစ် သံသယရှိနေတယ်။ ဒါကြောင့် မြတ်ဗုဒ္ဓဟာ အမ္ဗဋ္ဌကို ရှင်တော်မြတ်ရဲ့ ယောက်ျား အင်္ဂါကို တန်ခိုးနဲ့ ဖန်ဆင်းပြရပါတယ် (ဒီ ၁၊ ၁၀၅)။ (စပ်မိလို့ ဗုဒ္ဓကျင့်စဉ်ကို နားမလည်တဲ့ လူမျိုးခြား တစ်ယောက်ကလဲ ဗုဒ္ဓမှာ နောက်က အမြဲလိုက်နေတဲ့ ရဟန်းတစ်ပါးရှိလို့ ယောက်ျားမှ စစ်ရဲ့လား၊ Gay မဖြစ်နိုင်ဘူးလားလို့ အတည် အပေါက်လိုလို နောက်ပြောင် သလိုလို မေးတာကို ခံရလို့ စိတ်ဆိုးရ ခက်ကြီး ဖြစ်ဖူးပါတယ်)။

'ဒါမျိုးကို သာမန်လူတောင် မလုပ်ပါဘူး၊ တန်ခိုးနဲ့ပြလဲ ပြတာပဲ မဟုတ်လား'လို့ မိလိန္ဒမင်းက အရှင်နာဂသိန်ကို မေးရာမှာ အရှင်နာဂသိန်က 'မင်း ကြီး၊ ဗုဒ္ဓရဲ့ မဟာကရုဏာတော်ဟာ အင်မတန် ကြီးမားပါတယ်။ အသည်းနှလုံးကို ထုတ်ပြမှ တရားထူးကို ရမယ်ဆိုရင် ဘုရားရှင်ဟာ အသည်းနှလုံးကို လဲဖြတ်ပြီး ထုတ်ပြမှာပါ'လို့ ဖြေကြားပါတယ် (ဒီ-ဋ္ဌ ၁၊ ၂၄၅)။ နစဉ်ဘဝမှာတုန်းက ဦးခေါင်းကို ရိုက်ခွဲပြီး မိမိအသက်ကို ရန်ရှာပြီး အိမ်အပြန်လမ်းကို ရှာ မရဖြစ်နေတဲ့ ရန်သူကိုတောင် ဦးခေါင်းဒဏ်ရာက သွေးတွေ ယိုစီးကျနေရင်းက အိမ်ကိုရောက်အောင် လမ်းပြပေးနိုင်ခဲ့ပါတယ် (ဇာ-ဋ္ဌ ၅၊ ၇၀)။ □